## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထဲရေးဝန်ကြီးဌာန

**(အမိန့်ကြော်ငြာစာအမှတ် ၁၀၄၇ / ၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ် လ ၂၁ ရက်)**

### နိဒါန်း

ပြည်ထဲရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေပုဒ်မ ၄၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေကို **မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေတွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေတွင် ပါရှိသည့်အတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်။ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေကိုဆိုသည်။

(ခ) **စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း** ဆိုရာတွင် စက်ရုံ၊အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင် အဆောက်အအုံ၊ဈေး၊ အလုပ်ဌာန၊ အဖွဲ့ အစည်းသို့မဟုတ် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းများလည်းပါဝင်သည်။

(ဂ) **ပိုင်ရှင်**ဆိုသည်မှာ စက်ရုံ၊အလုပ်ရုံ၊လုပ်ငန်းတစ်ခုခု၏ပိုင်ရှင်ကိုဆိုသည်။ ယင်းစကား ရပ်တွင် ပိုင်ရှင်၏ကိုယ်စား လုပ်ငန်းကိစ္စများကို ကြီးကြပ်သူ၊ အုပ်ချုပ်သူနှင့် စီမံ ခန့်ခွဲသူ သို့မဟုတ် ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ တို့လည်းပါဝင်သည်။

(ဃ) **မှီခိုသူ** ဆိုသည်မှာ မီးသတ်တပ်ဖွဲ့ဝင်နှင့်အတူ နေထိုင်လျက်ရှိသည့် ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘနှင့် တရားဝင်မွေးစားသားသမီးတို့ကိုဆိုသည်။

(င) **မီးသတ်တပ်ဖွဲ့ဝင်** ဆိုသည်မှာ မီးသတ်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်သော မီးသတ်တပ်သားမှ ညွှန်ကြားရေးမှူးချုပ်အထိ မီးသတ်ဝန်ထမ်းကို ဆို သည်။

( စ ) **မီးသတ်တပ်ဖွဲ့မှူး** ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်မီးသတ် ဦးစီးဌာန၏ မီးသတ်ဦးစီးမှူးကို ဆိုသည်။

(ဆ) **ကွပ်ကဲရေးမှူး**ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မီးသတ်တပ်ဖွဲ့များကို ကြီးကြပ်ကွပ်ကဲရန်ဖွဲ့စည်းထားသည့် ကွပ်ကဲမှုရုံး အသီးသီး၏ အကြီးအမှူးကို ဆိုသည်။

( ဇ ) **မီးသတ်ယာဉ်** ဆိုသည်မှာ မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်၊ မီးသတ် စက်ယာဉ်နှင့် မီးသတ်အထောက်အကူပြုယာဉ်တို့ကိုဆိုသည်။ ယင်း စကားရပ်တွင် အထပ်မြင့်မီးငြိမ်းသတ်ယာဉ်၊ ဆီကြောင့်လောင်သော မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်၊ သူနာတင်ယာဉ်၊ မီးဆလိုက်ယာဉ်၊ရေဂါလန် အမြောက် အများ သယ်ဆောင်သောယာဉ်နှင့် မီးဘေးလုံခြုံရေးအတွက် အထောက်အကူပြုသော ယာဉ်များလည်းပါဝင်သည်။

( ဈ) **အထောက်အကူပြုပစ္စည်း** ဆိုသည်မှာမီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကရိယာတွင် မပါဝင်သည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရာ၌ အသုံးပြုနိုင် သော ပစ္စည်းကိုဆိုသည်။

## အခန်း(၂)
## ကြီးကြပ်ကွပ်ကဲခြင်း

၃။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် တို့သည် ဗဟိုမီးသတ်သင်တန်းကျောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မီးသတ်တပ်ဖွဲ့များ ကွပ်ကဲမှုရုံး၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူးရုံး သို့မဟုတ် မီးသတ်ဦးစီးမှူးရုံးများကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိ သည်။

၄။ ကွပ်ကဲရေးမှူးများသည် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့စခန်းများ၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ များကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

၅။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မီးသတ်တပ်ဖွဲ့မှူးသည် မိမိ၏ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့စခန်းများ၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့များကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ မီးသတ်တပ်ဖွဲ့ မှူးသည် မိမိ၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မီးသတ်တပ်ဖွဲ့စခန်းများ၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့များကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

၇။ ခရိုင်မီးသတ်တပ်ဖွဲ့မှူးသည် မိမိ၏ခရိုင်အတွင်းရှိ မီးသတ်တပ်ဖွဲ့စခန်းများ၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့များကို ကြီးကြပ်ကွပ်ကဲရန်တာဝန်ရှိသည်။

၈။ မြို့နယ်မီးသတ်တပ်ဖွဲ့မှူးသည် မိမိ၏မြို့နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့စခန်းများ၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့် မီးသတ်တပ်ဖွဲ့များကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

## အခန်း(၃)
## မီးသတ်တပ်ဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများ

၉။ မီးသတ်တပ်ဖွဲ့ဝင်များသည်-

(က) နိုင်ငံတော်လုံခြုံရေး၊ ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် လိုအပ်ပါက ပါဝင်ကူညီဆောင်ရွက်ရမည်။

(ခ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိရမည်။

(ဂ) မီးသတ်တပ်ဖွဲ့အပေါ် သစ္စာရှိရမည်။

(ဃ) တည်ဆဲဥပဒေများ၊ တပ်ဖွဲ့စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(င) မီးသတ်တပ်ဖွဲ့ဝင်များလိုက်နာမည့် ကျင့်ဝတ်နှင့်အညီ ကျင့်ကြံနေထိုင်ရမည်။

(စ) မိမိအားသတ်မှတ်ပေးသည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမည်။

(ဆ) မည်သည့်ဒေသတွင်မဆို တာဝန်ထမ်းဆောင်နိုင်ရမည်။

(ဇ) ပေးအပ်သည့်တာဝန်များကို အချိန်မီပြီးစီးအောင်ဆောင်ရွက်၍ အချိန်မီပြန်လည်တင်ပြ အစီရင်ခံရမည်။

(ဈ) အထက်အဆင့်ဆင့်၏ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ည) လာဘ်ပေးလာဘ်ယူကင်းရှင်းရမည်။

(ဋ) မီးဘေး၊ အခြားသဘာဝဘေးနှင့်ရုတ်တရက်မတော်တဆဖြစ်ပွားသော ဘေးအန္တရာယ်များကျရောက်သည့်အခါ မိမိအသက်ကိုပဓာနမထားဘဲစွန့်လွှတ် စွန့်စားဆောင်ရွက်ရမည်။

(ဌ) ခွင့်ပြုမိန့်ရရှိမှသာ တာဝန်များကို စွန့်လွှတ်ရမည်။

(ဍ) သက်ဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်းက သီးခြားပေးအပ်သည့် ပြည်သူ့အကျိုးပြုလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည်။

(ဎ) မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရာတွင် အမိန့်ပေးပိုင်ခွင့်ရှိသူက တာဝန်အရပေးအပ်သည့် အမိန့်ကိုဦးလည်မသုန် ဆောင်ရွက်ရမည်။

၁၀။ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးကိစ္စရပ်များ အတွက် အောက်ပါတာဝန်များကို ထမ်းဆောင်ရမည်-

(က) လူနေအိမ်နှင့်စက်ရုံ၊အလုပ်ရုံ၊လုပ်ငန်းများ၏မီးဘေးလုံခြုံရေးကိုစစ်ဆေးခြင်း၊

(ခ) အများပြည်သူဆိုင်ရာနေရာများတွင်ပြုလုပ်သော ပြပွဲပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ ဘာသာရေး ဆိုင်ရာပွဲတော်နှင့်အခမ်းအနားများ၌ မီးဘေးလုံခြုံရေးကိုစစ်ဆေးခြင်း၊ ဆောင်ရွက်ခြင်း၊

(ဂ) ယာဉ်များ၏ မီးဘေးလုံခြုံရေးကို စစ်ဆေးခြင်း၊

(ဃ) အများပြည်သူဆိုင်ရာနေရာများ၏ မီးဘေးလုံခြုံမှု စစ်ဆေးခြင်း၊

(င) မီးဘေးလုံခြုံရေးအတွက် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်သူများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေနှင့်အညီ အရေးယူခြင်း၊

(စ) မီးလောင်မှုများတွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ်နှင့် ရုတ်တရက်မတော်တဆဖြစ်ပွားသော ဘေးအန္တရာယ် များ ဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကို ဆောင်ရွက်ခြင်း၊

(ဇ) ပြည်သူများ၏ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အတွက် အသိပညာပေးခြင်း၊ ဟောပြောခြင်း၊ သရုပ်ပြသခြင်း၊ ဆော်ဩခြင်း၊

(ဈ) အရန်မီးသတ်တပ်ဖွဲ့ဝင်များရရှိရန်စည်းရုံးခြင်း၊

(ည) မီးလောင်မှုနှင့်စပ်လျဉ်း၍ လိုအပ်သောအချက်အလက်များရယူရန် စုံစမ်းစစ်ဆေးခြင်း။

၁၁။ မီးသတ်တပ်ဖွဲ့ဝင်သည် မီးဘေးလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေးအတွက် သတ်မှတ်ထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ ရာထူးအဆင့်အလိုက် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(က) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူတို့အား မီးဘေးလုံခြုံရေး ဆိုင်ရာ အကြံပြုချက်များ သို့မဟုတ် အကြံဉာဏ်များပေးခြင်း၊

(ခ) မီးဘေးလုံခြုံရေးအတွက်စက်ရုံ၊အလုပ်ရုံ၊လုပ်ငန်းနှင့်သိုလှောင်ရုံ၊ သိုလှောင်ကန်များ၊ ကုန်တိုက်များသို့ ဝင်ရောက်စစ်ဆေးခြင်း၊

(ဂ) မီးဘေးအန္တရာယ်ရှိသည့် နေရာဒေသသို့ အချိန်မရွေးဝင်ရောက်စစ်ဆေးခြင်း၊

(ဃ) မီးဘေးလုံခြုံရေးအတွက် လူနေအိမ်များ၊ အထပ်မြင့်အဆောက်အအုံများ၊ စုပေါင်းပိုင်အဆောက်အအုံများနှင့် လူအများအပြား စုဝေးအသုံးပြုသည့် အဆောက်အအုံများသို့ ဝင်ရောက်စစ်ဆေးခြင်း၊

(င) မီးဘေးလုံခြုံရေးအတွက်အများပြည်သူသုံးယာဉ်များပေါ်သို့တက်ရောက်စစ်ဆေးခြင်း၊

(စ) မီးဘေးလုံခြုံရေးအတွက် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဆောက်အအုံ၊ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများကို စစ်ဆေးခြင်း၊

(ဆ) မီးလောင်မှုဖြစ်ပွားပါက အတားအဆီးဖြစ်စေသောအရာများအား ဖယ်ရှားခြင်း၊

(ဇ) မီးလောင်မှုဖြစ်ပွားသည့် မည်သည့် အဆောက်အအုံ၊ ဥပစာ သို့မဆို ဝင်ရောက် ခြင်း၊

(ဈ) မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးအတွက် ရေ၊ ယာဉ်အမျိုးမျိုး၊ မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာနှင့် အထောက်အကူပြုပစ္စည်းများကို လိုအပ်သလို ရယူသုံးစွဲခြင်း၊

(ည) မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့်ပစ္စည်းနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်း များကို တရားမဝင်ထားရှိကြောင်းခိုင်လုံသည့် သတင်းရရှိသောနေရာသို့ ဝင်ရောက်စစ်ဆေးခြင်း၊

(ဋ) မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများနှင့် အထောက်အကူပြုပစ္စည်း များကို ဖျက်ဆီးသူကို တားဆီးခြင်းနှင့် ထိုသူအားတရားစွဲဆိုခြင်း။

## အခန်း(၄)

## မီးသတ်တပ်သား၏အရည်အချင်း

၁၂။ မီးသတ်ဦးစီးဌာနသို့ မီးသတ်တပ်သားအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်လိုသူ သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) မြန်မာနိုင်ငံသားဖြစ်ခြင်း၊

(ခ) အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ဂ) မီးသတ်တပ်ဖွဲ့လုပ်ငန်းများကို စိတ်ဝင်စားသူဖြစ်ခြင်း၊

(ဃ) နိုင်ငံတော်အစိုးရအပေါ်သစ္စာရှိခြင်း၊

(င) အကျင့်စာရိတ္တကောင်းမွန်ခြင်း၊

(စ) ကျန်းမာသန်စွမ်းခြင်း၊

(ဆ) သတ်မှတ်စေလွှတ်သည့် တပ်ဖွဲ့ဆိုင်ရာသင်တန်းများကို တက်ရောက်နိုင်ခြင်း၊

(ဇ) သတ်မှတ်ထားသော ပညာအရည်အချင်းနှင့် ကိုက်ညီသူဖြစ်ခြင်း၊

(ဈ) မီးသတ်တပ်ဖွဲ့ဝင်အဖြစ် အနည်းဆုံး သုံးနှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ခြင်း။

၁၃။ (က) နည်းဥပဒေ ၁၂ ပါ အရည်အချင်းနှင့် ပြည့်စုံသူသည် မီးသတ်တပ်သားအဖြစ် တာဝန်ထမ်းဆောင်ပါက မီးသတ်တပ်သားအဖြစ် တာဝန်ထမ်းဆောင်သည့် လျှောက်လွှာ (ပုံစံ– ၁)ဖြင့် မီးသတ်ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (က)အရ လျှောက်ထားသူကို လိုအပ်သလို စိစစ်၍ မီးသတ်တပ်သားအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

## အခန်း(၅)

## မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်း

၁၄။ ဗဟိုအဖွဲ့သည် ဥပဒေပုဒ်မ ၆ အရ မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်ကို ဖွဲ့စည်းရာတွင်–

(က) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်မီးဘေးလုံခြုံရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးအပ်သော ကောင်စီဝင် တစ်ဦးအားလည်းကောင်း၊ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေး နှင့်နယ်စပ်ရေးရာဝန်ကြီးတစ်ဦးအားလည်းကောင်း ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ပြီး နေပြည်တော်၊တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူး၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာနဆိုင်ရာ အရာထမ်း ငါးဦးနှင့် မီးဘေးလုံခြုံရေးကို စိတ်ဝင်စားသည့် မြို့မိမြို့ဖငါးဦးတို့ကို အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ် နိုင်သည်။ အတွင်းရေးမှူးအဖြစ် နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မီးသတ်ဦးစီးမှူးကို တာဝန်ပေးအပ်ရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မီးဘေးလုံခြုံရေး အဖွဲ့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီး အဖွဲ့ ဥက္ကဋ္ဌကို ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲတပ်ဖွဲ့မှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့် ဌာနဆိုင်ရာ ငါးဦးနှင့် မီးဘေးလုံခြုံရေးကို စိတ်ဝင်စားသည့် မြို့မိမြို့ဖ ငါးဦးကို အဖွဲ့ဝင်အဖြစ် လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။ အတွင်းရေးမှူး အဖြစ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မီးသတ် ဦးစီးမှူးကို တာဝန်ပေးအပ် ရမည်။

(ဂ) ခရိုင်မီးဘေးလုံခြုံရေးအဖွဲ့တွင် ခရိုင်အုပ်ချုပ်ရေးမှူးကိုဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်အဆင့်ဌာနဆိုင်ရာငါးဦးနှင့် မီးဘေးလုံခြုံရေးကိုစိတ်ဝင်စားသည့် မြို့မိမြို့ဖငါးဦးတို့ကို အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။ အတွင်းရေးမှူးအဖြစ် ခရိုင်မီးသတ်ဦးစီးမှူးကို တာဝန်ပေးအပ်ရမည်။

(ဃ) မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးကို ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာငါးဦးနှင့် မီးဘေးလုံခြုံရေးကိုစိတ်ဝင်စားသည့်မြို့မိမြို့ဖသုံးဦးတို့ကို အဖွဲ့ဝင်အဖြစ် လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။ အတွင်းရေးမှူးအဖြစ် မြို့နယ်မီးသတ်ဦးစီးမှူးကို တာဝန် ပေးအပ်ရမည်။

(င) မြို့မီးဘေးလုံခြုံရေးအဖွဲ့တွင် မြို့အုပ်ချုပ်ရေးမှူးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာရဲစခန်းမှူး၊ မြို့အဆင့်ဌာနဆိုင်ရာငါးဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး များနှင့် မီးဘေးလုံခြုံရေးကိုစိတ်ဝင်စားသည့်မြို့မိမြို့ဖသုံးဦးတို့ကိုအဖွဲ့ဝင်အဖြစ် လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။ အတွင်းရေးမှူးအဖြစ် နယ်မြေ မီးသတ်စခန်းတာဝန်ခံကို တာဝန်ပေးအပ်ရမည်။

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမီးဘေးလုံခြုံရေးအဖွဲ့တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင် တစ်ဦး၊ မီးဘေးလုံခြုံရေးလုပ်ငန်း ကိုစိတ်ပါဝင်စားသည့် ရပ်မိရပ်ဖသုံးဦးတို့ကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အရန်မီးသတ်တပ်ဖွဲ့မှူးကို အတွင်းရေးမှူးအဖြစ်လည်းကောင်းတာဝန်ပေးအပ် နိုင်သည်။

၁၅။ ဗဟိုအဖွဲ့သည် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့်ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

## အခန်း(၆)

## မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၆။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မီးဘေးလုံခြုံရေးအဖွဲ့များ သည် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်-

(က) ဗဟိုအဖွဲ့မှချမှတ်ပေးသော မီးဘေးလုံခြုံရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

( ခ) ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်းစဉ်များကို ချမှတ်ပေးခြင်း၊

( ဂ) မီးလောင်မှုဖြစ်ပွားသည့်အခါ ထိရောက်စွာ ငြိမ်းသတ်နိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များချမှတ်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်သည့်အခါ ကာကွယ်တားဆီးရေးနှင့် ရှာဖွေကယ် ဆယ်ရေးအတွက် ဗဟိုအဖွဲ့က ထုတ်ပြန်သော လုပ်ငန်းအစီအစဉ်များကို အကောင် အထည်ဖော်ဆောင်ရွက်ခြင်း။

( င) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု မီးဘေးလုံခြုံရေးအဖွဲ့တို့၏ လုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

( စ) မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့တို့၏ လုပ်ငန်းများကို စစ်ဆေးခြင်း၊ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဆ) မီးသတ်စခန်းများဆောက်လုပ်ရန် မြေနေရာရရှိရေးအတွက် လမ်းညွှန်ခြင်းနှင့်ကူညီ ဆောင်ရွက်ခြင်း၊

( ဇ) မီးသတ်ယာဉ်၊မီးသတ်စက်၊ မီးသတ်ပစ္စည်းကိရိယာများနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းကိရိယာများ ဖြည့်တင်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ခြင်း၊

( ဈ) နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဒေသအလိုက် အရန်မီးသတ် တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ လေ့ကျင့်ပညာပေးခြင်းနှင့် စည်းကမ်းထိန်းသိမ်းခြင်း ကိစ္စများဆောင်ရွက်နိုင်ရန်လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) မီးဘေးလုံခြုံရေးအတွက် ရေရရှိရေးနည်းလမ်းများစီမံခြင်း၊

( ဋ) လိုအပ်သည့် ရန်ပုံငွေရှာဖွေခြင်းဆိုင်ရာ နည်းလမ်းများ လမ်းညွှန်ခြင်း၊

( ဌ) ဒေသအတွင်း အဆင့်ဆင့်သောမီးဘေးလုံခြုံရေး စီမံချက်များရေးဆွဲဆောင်ရွက် ခြင်းကို ကြီးကြပ်ခြင်း၊

၁၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်မီးဘေး လုံခြုံရေး အဖွဲ့များသည် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်–

(က) ဗဟိုအဖွဲ့၊ ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မီးဘေးလုံခြုံရေး အဖွဲ့မှချမှတ်ပေးသော မီးဘေးလုံခြုံရေးလုပ်ငန်းစဉ်များ အကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) မီးလောင်မှုဖြစ်ပွားသည့်အခါ ထိရောက်စွာ ငြိမ်းသတ်နိုင်ရေးအတွက် ပြည်ထောင်စု နယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မီးဘေး လုံခြုံရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ခြင်း၊

(ဂ) သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်သည့်အခါ ကာကွယ်တားဆီးရေးနှင့် ရှာဖွေကယ် ဆယ်ရေးအတွက် ဗဟိုအဖွဲ့ လမ်းညွှန်ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မီးဘေးလုံခြုံရေးအဖွဲ့က ချမှတ်ထားသော လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

(ဃ) မြို့နယ်၊ မြို့၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု မီးဘေးလုံခြုံရေးအဖွဲ့တို့၏ လုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(င) မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့တို့၏ လုပ်ငန်းများကို စစ်ဆေးခြင်း၊ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(စ) မီးသတ်စခန်းများဆောက်လုပ်ရန် မြေနေရာ ရရှိရေးအတွက်ဆောင်ရွက်ခြင်း၊

(ဆ) မီးသတ်ယာဉ်၊မီးသတ်စက်၊မီးသတ်ပစ္စည်းကိရိယာများနှင့်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်း သုံးပစ္စည်းကိရိယာများ ဖြည့်တင်းနိုင်ရေး စည်းရုံးဆောင်ရွက်ခြင်း၊

(ဇ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်အတွင်း အရန်မီးသတ် တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊ စည်းကမ်း ထိန်းသိမ်းရေးကိစ္စများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) မီးဘေးလုံခြုံရေးအတွက် ရေရရှိရေးနည်းလမ်းများ ဆောင်ရွက်ခြင်း၊

(ည) လိုအပ်သည့် ရန်ပုံငွေများရှာဖွေခြင်းနှင့် စနစ်တကျသုံးစွဲရန်ကြီးကြပ်ခြင်း၊

(ဋ) ဒေသအတွင်း အဆင့်ဆင့်သောမီးဘေးလုံခြုံရေး စီမံချက်များရေးဆွဲခြင်း၊

၁၈။ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့များသည် အောက်ပါတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်–

(က) ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ခရိုင်မီးဘေး လုံခြုံရေးအဖွဲ့မှချမှတ်ပေးသော မီးဘေးလုံခြုံရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

( ခ) မီးလောင်မှုဖြစ်ပွားသည့်အခါ ထိရောက်စွာ ငြိမ်းသတ်နိုင်ရေးအတွက် ချမှတ် ထားသော အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

( ဂ) သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်သည့်အခါ ကာကွယ်တားဆီးရေးနှင့် ရှာဖွေကယ်ဆယ်ရေးအတွက် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်ကူညီ ဆောင်ရွက်ရမည့် အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) မြို့၊ရပ်ကွက်နှင့်ကျေးရွာအုပ်စုမီးဘေးလုံခြုံရေးအဖွဲ့တို့၏လုပ်ငန်းများတွင် လည်းကောင်း၊ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ တို့၏ လုပ်ငန်းများတွင် လည်းကောင်း ပူးပေါင်းအကောင်အထည်ဖော်ခြင်း၊

( င) ပြည်တွင်း၊ ပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများလက်ခံရယူခြင်း၊ ယင်းလှူဒါန်းငွေများ၊ပစ္စည်းများကို မီးဘေးအန္တရာယ်၊ အခြားသဘာဝ ဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တားဆီးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် လမ်းညွှန်ချက်နှင့်အညီ စနစ်တကျ စီမံခန့်ခွဲ ဆောင်ရွက်ခြင်း၊

( စ) မီးသတ်စခန်းများဆောက်လုပ်ရန် မြေနေရာရရှိရေးဆောင်ရွက်ခြင်း၊

(ဆ) မီးသတ်ယာဉ်၊မီးသတ်စက်၊ မီးသတ်ပစ္စည်းကိရိယာများနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းကိရိယာများ ဖြည့်တင်းနိုင်ရေးစည်းရုံးဆောင်ရွက်ခြင်း၊

( ဇ) မြို့နယ်အတွင်း အရန်မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းနိုင်ရန် စည်းရုံးဆောင်ရွက်ခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊

(ဈ) မီးဘေးလုံခြုံရေးအတွက် ရေရရှိနိုင်သည့် နည်းလမ်းများရှာဖွေဆောင်ရွက်ခြင်း၊

(ည) လိုအပ်သည့် ရန်ပုံငွေများကို တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် မီးဘေးလုံခြုံရေးအဖွဲ့ လမ်းညွှန်မှုဖြင့် ရှာဖွေခြင်းနှင့် စနစ်တကျသုံးစွဲရန် ကြီးကြပ် ဆောင်ရွက်ခြင်း၊

( ဋ) မြို့နယ်အတွင်းမီးဘေးလုံခြုံရေးစီမံချက်များကိုအကောင်အထည်ဖော်ဆောင် ရွက်ခြင်း၊

(ဌ) မီးဘေးစိုးရိမ်ရသော ရပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရသောလုပ်ငန်းများသို့ ကွင်းဆင်းစစ်ဆေး၍ မီးဘေးလုံခြုံရေး ဆိုင်ရာပစ္စည်းကိရိယာများထားရှိရေးအတွက်သက်ဆိုင်ရာမီးသတ်ဦးစီးဌာနနှင့် ညှိနှိုင်းဆောင် ရွက်ခြင်း၊

(ဍ) မီးဘေးလုံခြုံရေးကိစ္စရပ်များအတွက် လိုအပ်သော အထောက်အပံ့များကို ပြည်သူများထံမှ ပါဝင်ကူညီမှုရရှိရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊

(ဎ) မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သောမီးသတ်တပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်၊ သီးသန့်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ပြည်သူတို့အား လိုအပ်သလို ချီးမြှင့်ဂုဏ်ပြုခြင်းနှင့် ဘွဲ့ထူးဂုဏ်ထူးပေးအပ်နိုင်ရေး အတွက် ထောက်ခံတင်ပြခြင်း၊

(ဏ) မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် အသိပညာပေးစည်းရုံး ဆောင် ရွက်ခြင်း၊

၁၉။ မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မီးဘေးလုံခြုံရေးအဖွဲ့များသည် အောက်ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်-

(က) မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် ပူးပေါင်းပါဝင်ခြင်း၊

(ခ) မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မီးဘေးလုံခြုံရေးစီမံချက် ရေးဆွဲ၍ မြို့နယ် မီးဘေးလုံခြုံရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) အရန်မီးသတ်တပ်ဖွဲ့သို့ ဝင်ရောက်လိုသူများကို သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံခြင်း ရှိ မရှိ လိုအပ်သလိုစိစစ်၍ ထောက်ခံတင်ပြခြင်း၊

(ဃ) မီးငြိမ်းသတ်ရေးအတွက် ရေရရှိရေးကို အသင့်စီမံဆောင်ရွက်ခြင်း၊

(င) သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာအတွင်း မီးကင်းများ ချထားခြင်း၊

(စ) သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာအတွင်းရှိ မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းများကို မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာများလုံလောက်စွာထားရှိရေးအတွက် သက်ဆိုင်ရာ မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာအတွင်းရှိ နေအိမ်၊ဈေးဆိုင်တိုင်းတွင် မီးချိတ်၊ မီးကပ်၊ မီးသတ်ဆေးဘူးစသည့် ရှေးဦးမီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ထားရှိရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊

(ဇ) မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ် တက်ဆင်းမီးစစ်ဆေးခြင်း၊

(ဈ) ရပ်ကွက်နှင့်ကျေးရွာအတွင်း နေထိုင်သူများလိုက်နာရမည့် မီးသတိပေးနှိုးဆော်ချက်များ အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ည) မီးဘေးလုံခြုံရေးဆိုင်ရာ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူများ လိုက်နာခြင်း ရှိ မရှိ စစ်ဆေး ခြင်းနှင့် လိုက်နာမှု မရှိသူများအား လိုအပ်သလိုသတိပေးခြင်း၊

(ဋ) ရပ်ကွက်နှင့်ကျေးရွာအလိုက်အချိန်မီလက်ဦးမှုရယူ မီးငြိမ်းသတ်နိုင်ရန် အပေါ့စား မီးသတ် စက်များ ကိုယ့်အားကိုယ်ကိုးဝယ်ယူထားရှိရန် စည်းရုံးဆောင်ရွက်ခြင်း၊

( ၌) ရပ်ကွက်နှင့်ကျေးရွာအလိုက် မီးသတ်ယာဉ်များဖြင့် ရေရယူဖြည့်တင်းသတ်နိုင်သော အနည်းဆုံး ရေဂါလန်(၃၀၀၀)ဆံ့ မီးသတ်ရေလှောင်ကန်များ တည်ဆောက်ရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဍ) ရပ်ကွက်နှင့် ကျေးရွာအလိုက် အရန်မီးသတ်တပ်ဖွဲ့အတွက် အထောက်အပံ့ပစ္စည်းများ နှင့်ငွေကြေးများကို သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း စနစ်တကျ လက်ခံ ရယူခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း။

**အခန်း(၇)**

**အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း**

၂၀။ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့သည် မိမိမြို့နယ်အတွင်း အရန်မီးသတ်တပ်ဖွဲ့ကို မီးသတ် ဦးစီးဌာနက ဖွဲ့စည်းပေးနိုင်ရန် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရရှိရေးအတွက် မြို့နယ်အလိုက် မီးဘေး လုံခြုံရေး အသိပညာပေးခြင်းနှင့် အရန်မီးသတ်တပ်ဖွဲ့၏လုပ်ငန်းတာဝန်များကို အသိပေးစည်းရုံး ခြင်းတို့ ဆောင်ရွက်ရမည်။

၂၁။ နည်းဥပဒေ ၂၀ အရဆောင်ရွက်ရာတွင် အရန်မီးသတ်တပ်ဖွဲ့သို့ ဝင်ရောက်လိုသူများ သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမီးဘေးလုံခြုံရေးအဖွဲ့သို့ စာရင်းပေးသွင်းနိုင် ကြောင်း အသိပေး ကြေညာရမည်။

၂၂။ သက်ဆိုင်ရာရပ်ကွက်၊ကျေးရွာအုပ်စု သို့မဟုတ် မြို့ မီးဘေးလုံခြုံရေးအဖွဲ့သည် အရန် မီးသတ်တပ်ဖွဲ့သို့ ဝင်ရောက်လိုကြောင်း စာရင်းပေးသွင်းသူများကို လျှောက်လွှာပုံစံ (၂)တွင် ဖြည့်စွက်စေပြီး လျှောက်ထားသူသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံကြောင်း ထောက်ခံ ချက်ပေးနိုင်ရန်အဖွဲ့ဖြင့်ဖြစ်စေ၊ သင့်လျော်သည့်ပုဂ္ဂိုလ်တစ်ဦးအား လွှဲအပ်၍ဖြစ်စေ စိစစ်ပြီး သဘော ထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့သို့ တင်ပြရမည်-

(က) မြန်မာနိုင်ငံသားဖြစ်ခြင်း၊

( ခ) အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

( ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ခြင်း၊

(ဃ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကျန်းမာသန်စွမ်းသူဖြစ်ခြင်း၊

( င) သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းနေထိုင်သူဖြစ်ခြင်း၊

( စ) မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင်ကူညီနိုင်သူဖြစ်ခြင်း၊

(ဆ) အခါအားလျော်စွာ ရွေးချယ်စေလွှတ်သည့် သင်တန်းများသို့ တက်ရောက်နိုင် သူဖြစ်ခြင်း၊

( ဇ) လူမှုရေးလုပ်ငန်းများတွင် စိတ်ဝင်စားသူဖြစ်ခြင်း၊

(ဈ) မီးသတ်ကျင့်ဝတ် စည်းကမ်းများကို လိုက်နာကျင့်သုံးနိုင်သူဖြစ်ခြင်း၊

(ည) နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အတွက် ပါဝင်ကူညီနိုင်သူဖြစ်ခြင်း။

၂၃။ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့သည် နည်းဥပဒေ ၂၂ အရပေးပို့သော လျှောက်လွှာများ ကို လက်ခံရရှိသည့်အခါ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ တင်ပြချက်အရဖြစ်စေ၊ မိမိကိုယ်တိုင် သိရှိချက်အရဖြစ်စေ လျှောက်ထားသူသည် နည်းဥပဒေ ၂၂ ပါ အရည်အချင်းများအပြင် အောက်ဖော်ပြပါအရည်အချင်းတစ်ရပ်ရပ် သို့မဟုတ် တစ်ခုထက်ပိုသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ကြောင်းတွေ့ရှိပါက ယင်းအရည်အချင်းနှင့် ပြည့်စုံကြောင်း ထောက်ခံ၍ ဗဟိုအဖွဲ့သို့ တိုက်ရိုက်တင်ပြရမည်။ တင်ပြချက်မိတ္တူကို ခရိုင်မီးဘေးလုံခြုံရေး အဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မီးဘေးလုံခြုံရေးအဖွဲ့သို့ ပေးပို့ရမည်−

(က) ပြည်သူလူထုက လေးစားချစ်ခင်သူဖြစ်ခြင်း၊

(ခ) ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် စိတ်ပါဝင်စား၍ ကိုယ်တိုင်ပါဝင်ဆောင်ရွက် လျက်ရှိသူဖြစ်ခြင်း၊

(ဂ) မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ပညာရပ်များကို တတ်သိနားလည် သူဖြစ်ခြင်း။

၂၄။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၂၃ အရပေးပို့သော လျှောက်လွှာများကို သက်ဆိုင်ရာ မြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းနိုင်ရန် မီးသတ်ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

၂၅။ မီးသတ်ဦးစီးဌာနသည်အရန်မီးသတ်တပ်ဖွဲ့သို့ဝင်ရောက်ရန်လျှောက်ထားသည့် လျှောက်လွှာများကို စိစစ်၍ နည်းဥပဒေ ၂၂ ပါ အရည်အချင်းများနှင့် ပြည့်စုံသူတို့ကို အရန်မီးသတ်တပ်ဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ နည်းဥပဒေ ၂၃ ပါအရည်အချင်းများနှင့် ပြည့်စုံသူတို့ကို အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ရင်းမှူး၊တပ်ခွဲမှူး၊ ဒုတပ်ခွဲမှူး၊ တပ်စုမှူးနှင့် တပ်ကြပ်ကြီးများအဖြစ် သင့်လျော်သလို သတ်မှတ်၍ သက်ဆိုင်ရာမြို့နယ် အရန်မီးသတ် တပ်ဖွဲ့ကို ဖွဲ့စည်းပေးရမည်။

၂၆။ အရန်မီးသတ်တပ်ဖွဲ့ဝင်သည် မီးသတ်ဦးစီးဌာနက ဖွင့်လှစ်သော အဆင့်အလိုက် သတ်မှတ်ထားသည့် သင်တန်းကို တက်ရောက်သင်ကြားရမည်။

၂၇။ မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လည်းကောင်း၊ မီးဘေး အန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ်နှင့် ရုတ်တရက် မတော်တဆ ဖြစ်ပွားသော ဘေးအန္တရာယ်များအတွက် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာရပ်များ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် လှုံ့ဆော် ပညာပေးရာတွင် လည်းကောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ စေတနာ့ဝန်ထမ်းပါဝင် ကူညီ ဆောင်ရွက် နိုင်ရေး အတွက် အရန်မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းရာတွင် အောက်ပါအတိုင်း ဖွဲ့စည်းရမည်−

| | | |
|---|---|---|
| (က) | **အရန်မီးသတ်တပ်စိတ်** | **၁၀–ဦး** |
| | (၁) အရန်မီးသတ်တပ်စိတ်မှူး (မီးသတ်တပ်ကြပ်အဆင့်) | ၁–ဦး |
| | (၂) အရန်မီးသတ် ဒုတိယတပ်စိတ်မှူး (မီးသတ်ဒုတိယတပ်ကြပ်အဆင့်) | ၁–ဦး |
| | (၃) အရန်မီးသတ်တပ်သား | ၈–ဦး |
| (ခ) | **အရန်မီးသတ်တပ်စု** | **၃၅–ဦး** |
| | (၁) အရန်မီးသတ်တပ်စုမှူး | ၁–ဦး |
| | (၂) အရန်မီးသတ်တပ်ကြပ်ကြီး | ၁–ဦး |
| | (၃) အရန်မီးသတ်တပ်ကြပ် | ၁–ဦး |
| | (၄) အရန်မီးသတ်တပ်သား | ၂–ဦး |
| | (၅) အရန်မီးသတ်တပ်စိတ် | ၃–စိတ် |
| (ဂ) | **အရန်မီးသတ်တပ်ခွဲ** | **၁၁၆–ဦး** |
| | (၁) အရန်မီးသတ်တပ်ခွဲမှူး | ၁–ဦး |
| | (၂) အရန်မီးသတ်ဒုတိယတပ်ခွဲမှူး | ၁–ဦး |
| | (၃) အရန်မီးသတ်တပ်ကြပ်ကြီး | ၃–ဦး |
| | (၄) အရန်မီးသတ်တပ်ကြပ်/ဒု–တပ်ကြပ် | ၂–ဦး |
| | (၅) အရန်မီးသတ်တပ်သား | ၄–ဦး |
| | (၆) အရန်မီးသတ်တပ်စု | ၃–စု |
| (ဃ) | **အရန်မီးသတ်တပ်ရင်း** | **၅၀၀–ဦး** |
| | (၁) အရန်မီးသတ်တပ်ရင်းမှူး | ၁–ဦး |
| | (၂) အရန်မီးသတ်ဒု–တပ်ရင်းမှူး | ၁–ဦး |
| | (၃) အရန်မီးသတ်တပ်ခွဲမှူး(ရေး/ထောက်) | ၂–ဦး |
| | (၄) အရန်မီးသတ်တပ်စုမှူး | ၂–ဦး |
| | (၅) အရန်မီးသတ်တပ်ကြပ်ကြီး | ၄–ဦး |
| | (၆) အရန်မီးသတ်တပ်ကြပ်/ဒုတပ်ကြပ် | ၄–ဦး |
| | (၇) အရန်မီးသတ်တပ်သား | ၂၂–ဦး |
| | (၈) အရန်မီးသတ်တပ်ခွဲ | ၄ ခွဲ |

၂၈။ အဆင့်ဆင့်သော မီးဘေးလုံခြုံရေးအဖွဲ့များသည် မိမိနှင့် သက်ဆိုင်သည့်ဒေသ အသီးသီးတွင် အရန်မီးသတ်တပ်စိတ်၊ အရန်မီးသတ်တပ်စု၊ အရန်မီးသတ်တပ်ခွဲ သို့မဟုတ် အရန်မီးသတ်တပ်ရင်း များကို နည်းဥပဒေ ၂၇ ပါအင်အားနှင့်အညီ လိုအပ်သလိုဖွဲ့စည်းနိုင်ရန် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ အမည်စာရင်းနှင့်အတူ မီးသတ်ဦးစီးဌာနသို့အဆိုပြု တင်ပြ ရမည်။

၂၉။ မီးသတ်ဦးစီးဌာနသည်-

(က) နည်းဥပဒေ ၂၈ အရတင်ပြချက်ကိုစိစစ်ပြီးအရန်မီးသတ်ဖွဲ့ဝင်အင်အားအပေါ် မူတည်၍ အရန်မီးသတ်တပ်စိတ်၊ အရန်မီးသတ်တပ်စု၊ အရန်မီးသတ်တပ်ခွဲ သို့မဟုတ် အရန် မီးသတ် တပ်ရင်းကို ဖွဲ့စည်းပေးရမည်။

( ခ ) အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်းကို ရေးဆွဲထားရှိရမည်။

( ဂ ) အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများကို သတ်မှတ်ထား ရမည်။

(ဃ) အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားရေးနှင့် နည်းပညာများ ရရှိရေးတို့ အတွက်ဆောင်ရွက်ပေးရမည်။

( င ) အရန်မီးသတ်တပ်ဖွဲ့အဆင့်ဆင့်၏ အထောက်အပံ့ပစ္စည်းနှင့်ငွေကြေးလက်ခံခြင်း၊ ထိန်းသိမ်း ခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်ပေးရမည်။

၃၀။ ညွှန်ကြားရေးမှူးချုပ်သည် အရန်မီးသတ်တပ်ဖွဲ့များ၏တပ်ဖွဲ့မှူးချုပ်အဖြစ်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် အရန်မီးသတ်တပ်ဖွဲ့များ၏ ဒုတိယတပ်ဖွဲ့မှူးချုပ်အဖြစ် လည်းကောင်း တာဝန်ယူရမည်။

၃၁။ ကွပ်ကဲရေးမှူးများသည် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရန်မီးသတ်တပ်ဖွဲ့များအားလုံး၏ အရန်မီးသတ်တပ်ဖွဲ့မှူးအဖြစ် တာဝန်ယူရမည်။

၃၂။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မီးသတ်ဦးစီးမှူးသည် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရန်မီးသတ်တပ်ဖွဲ့မှူးအဖြစ် လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်တို့၏ မီးသတ်ဦးစီးမှူးသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်တို့၏ အရန်မီးသတ် တပ်ဖွဲ့မှူး အဖြစ်လည်းကောင်း၊မြို့နယ်မီးသတ်ဦးစီးမှူးသည် အရန်မီးသတ်တပ်ရင်းမှူးအဖြစ်လည်းကောင်း တာဝန်ယူရမည်။

## အခန်း(၈)

## အရန်မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ

၃၃။ အရန်မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်လုံခြုံရေး၊ ပြည်သူတို့၏အေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး အတွက် လိုအပ်ပါကပါဝင်ကူညီ ဆောင်ရွက်ခြင်း၊

( ခ ) မီးဘေးလုံခြုံရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းများဆောင်ရွက်ခြင်း၊

( ဂ ) သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဃ) မီးဘေး၊ အခြားသဘာဝဘေးအန္တရာယ်နှင့် ရုတ်တရက်မတော်တဆဖြစ်ပွားသော ဘေးအန္တရာယ်များပေါ်ပေါက်လာပါက မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်း များဆောင်ရွက်ခြင်း၊

( င) ပြည်သူ့အကျိုးပြု လူမှုဝန်ထမ်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

( စ) မီးသတ်ဦးစီးဌာနကဖြစ်စေ၊ သက်ဆိုင်ရာမီးသတ်တပ်ဖွဲ့ကဖြစ်စေ၊ မီးဘေးလုံခြုံရေး အဖွဲ့က ဖြစ်စေအခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း။

၃၄။ အရန်မီးသတ်တပ်ဖွဲ့ အဆင့်ဆင့်တွင်သက်ဆိုင်ရာ မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် အောက်ပါ စာရင်းဇယားများကို ပြုစုထားရှိရမည်-

(က) ရရှိသည့်ရန်ပုံငွေနှင့် သုံးစွဲသည့် ငွေစာရင်း၊

( ခ) အထောက်အပံ့ပစ္စည်းများစာရင်း၊

( ဂ) မီးသတ်ယာဉ်နှင့်ပစ္စည်းကိရိယာစာရင်း၊

(ဃ) အရန်မီးသတ်တပ်ဖွဲ့ပိုင်မြေ၊ အဆောက်အအုံ နှင့် ပရိဘောဂစာရင်း၊

( င) မီးသတ်တူညီဝတ်စုံများစာရင်း၊

( စ) အရန်မီးသတ်တပ်ဖွဲ့ဝင်များစာရင်း၊

(ဆ) မီးလောင်မှုအခြေပြစာရင်း၊

( ဇ) မီးသတ်ဦးစီးဌာနကပြုစုထားရှိရန် အခါအား လျော်စွာသတ်မှတ်သော စာရင်း။

## အခန်း(၉)

## အရန်မီးသတ်တပ်ဖွဲ့ဝင်အဖြစ်မှနုတ်ထွက်ခြင်းနှင့်ရပ်စဲခြင်း

၃၅။ (က) အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးသည်မိမိသဘောဆန္ဒအလျောက် အရန်မီးသတ်တပ်ဖွဲ့ဝင် အဖြစ်မှ နုတ်ထွက်လိုလျှင် သက်ဆိုင်ရာမီးဘေးလုံခြုံရေးအဖွဲ့မှတစ်ဆင့် မြို့နယ်မီးသတ် ဦးစီးဌာနသို့ လျှောက်ထားရမည်။

( ခ) မြို့နယ်မီးသတ်ဦးစီးမှူးသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားသည့် လျှောက် လွှာကို မီးသတ်ဦးစီးဌာနသို့ တင်ပြရမည်။

( ဂ) အရန်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးဦးသည် မီးသတ်ဦးစီးဌာန၏ ခွင့်ပြုချက် ရရှိမှသာ နုတ်ထွက်ခွင့်ရှိသည်။

၃၆။ အရန်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးဦးသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက် လျှင် အရန်မီးသတ်တပ်ဖွဲ့ဝင်အဖြစ်မှ အလိုအလျောက်ရပ်စဲစေရမည်-

(က) သာသနာ့ဘောင်သို့ အမြဲတမ်းကူးပြောင်းခြင်း၊

( ခ) ရူးသွပ်ခြင်း၊

( ဂ) သေဆုံးခြင်း၊

(ဃ) အရန်မီးသတ်တပ်ဖွဲ့၏ တပ်ဖွဲ့ဝင်အဖြစ်တာဝန် ဆက်လက်ထမ်းဆောင်ခြင်း မပြုနိုင် လောက်သော ကိုယ်အင်္ဂါအစိတ်အပိုင်းဆုံးရှုံးမှု သို့မဟုတ်အမြဲတမ်းမသန်မစွမ်းမှုဖြစ် ခြင်း။

၃၇။ မြို့နယ်မီးသတ်ဦးစီးမှူးသည် အရန်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးဦးအား အောက်ပါ အကြောင်း တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်းစုံစမ်းစစ်ဆေးတွေ့ရှိသည့်အခါအဆင့်ဆင့်တင်ပြ၍ မီးသတ်ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့်အရန်မီးသတ်တပ်ဖွဲ့ဝင်အဖြစ်မှ ရပ်စဲရမည်-

(က) အရန်မီးသတ်တပ်ဖွဲ့၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေရန် ပြုလုပ်ခြင်း၊

( ခ) အကျင့်စာရိတ္တပျက်ယွင်းခြင်း၊

( ဂ) ပြစ်မှုတစ်ခုခုကိုကျူးလွန်သဖြင့် သက်ဆိုင်ရာတရားရုံး၏ ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

( ဃ) အကြောင်းလုံလောက်စွာမရှိဘဲတာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် သုံးကြိမ် ဆက်တိုက် ပျက်ကွက်ခြင်း။

( င) မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသောအမိန့်၊ ညွှန်ကြားချက်နှင့် ကျင့်ဝတ် စည်းကမ်း များအားလိုက်နာရန်ပျက်ကွက်ခြင်း။

၃၈။ အရန်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးသည် အရန်မီးသတ်တပ်ဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့် ရရှိလျှင် ဖြစ်စေ၊ ရပ်စဲခံရလျှင်ဖြစ်စေ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) မိမိတာဝန်ဝတ္တရားများကို စွန့်လွှတ်ရမည်။

( ခ) မိမိအားထုတ်ပေးထားသော မီးသတ်တူညီ ဝတ်စုံများ၊ ရာထူးတံဆိပ်နှင့် မီးသတ်ပစ္စည်း ကိရိယာတို့ကို သက်ဆိုင်ရာ အရန်မီးသတ်တပ်ဖွဲ့သို့ ပြန်လည် အပ်နှံရမည်။

( ဂ) မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ဝတ်စုံ များကို ဝတ်ဆင်ခြင်းမပြုရ။

## အခန်း(၁၀)
## အရန်မီးသတ်တပ်ဖွဲ့ကို ဖျက်သိမ်းခြင်း

၃၉။ မီးသတ်ဦးစီးဌာနသည်-

(က) အရန်မီးသတ်တပ်ဖွဲ့ကို ဖျက်သိမ်းရန်လုံလောက်သော အကြောင်းရှိလျှင် ဝန်ကြီးဌာန ကို တင်ပြပြီး အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ ဖျက်သိမ်းနိုင်သည်။

( ခ) နည်းဥပဒေခွဲ (က)အရ အရန်မီးသတ်တပ်ဖွဲ့ တစ်ခုခုကို ဖျက်သိမ်းရန် သင့်မသင့် နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန်လိုအပ်ပါက အဖွဲ့ဝင်သုံးဦးပါဝင်သော စုံစမ်းစစ်ဆေးရေး အဖွဲ့ကို ကာလသတ်မှတ်၍ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၄၀။ နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ(ခ) အရ ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည်-

(က) သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို ခေါ်ယူစစ်ဆေးနိုင်သည်။

( ခ) သက်ဆိုင်ရာအထောက်အထားစာရွက်စာတမ်းများကိုတောင်းခံကြည့်ရှု၍စစ်ဆေး နိုင်သည်။

( ဂ) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကိုမီးသတ်ဦးစီးဌာနသို့ သတ်မှတ်ကာလအတွင်း တင်ပြရမည်။

၄၁။ မီးသတ်ဦးစီးဌာနသည် နည်းဥပဒေ ၄၀၊ နည်းဥပဒေခွဲ(ဂ) အရ စုံစမ်းစစ်ဆေးရေး အဖွဲ့က တင်ပြသည့် အစီရင်ခံစာကိုစိစစ်ပြီး အရန်မီးသတ်တပ်ဖွဲ့ကို ဖျက်သိမ်းရန် သင့်မသင့် သဘောထား မှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့တင်ပြရမည်။

၄၂။ ဖျက်သိမ်းခြင်းခံရသော အရန်မီးသတ်တပ်ဖွဲ့သည်အောက်ပါတို့ကို ညွှန်ကြားရေးမှူးချုပ်ထံ ဖြစ်စေ၊ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ထားသည့် မြို့နယ်မီးသတ် ဦးစီးမှူးအောက် မနိမ့်သော မီးသတ်အရာရှိတစ်ဦးဦးထံ ဖြစ်စေ စနစ်တကျလွှဲပြောင်း ပေးအပ်ရမည်-

(က) မီးသတ်ယာဉ်၊ မီးသတ်စက်၊ မီးသတ်ပစ္စည်းကိရိယာ၊ မီးသတ်တူညီဝတ်စုံ များနှင့် ရာထူးတံဆိပ်များ၊

(ခ) မီးသတ်ရန်ပုံငွေများ၊

(ဂ) မီးသတ်ဦးစီးဌာနနှင့်အရန်မီးသတ်တပ်ဖွဲ့ပိုင်ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်း နိုင်သောပစ္စည်းများ၊

(ဃ) စာရင်းဇယားနှင့် အခြားစာရွက်စာတမ်းများ။

၄၃။ ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၄၂ အရ လွှဲပြောင်းလက်ခံရရှိသောပစ္စည်း များနှင့် ရန်ပုံငွေများကို အကျိုးအကြောင်းဖော်ပြလျက် ဝန်ကြီးဌာနသို့တင်ပြရမည်။

၄၄။ ဝန်ကြီးဌာနသည်နည်းဥပဒေ ၄၃ အရတင်ပြချက်အပေါ်စိစစ်ပြီးလိုအပ်သလို စီမံခန့်ခွဲနိုင် သည်။

## အခန်း(၁၁)
## သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄၅။ မီးသတ်ဦးစီးဌာနသည်-

(က) စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း၏ ပမာဏနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရမှု အခြေအနေကို စိစစ်သုံးသပ်ပြီး သီးသန့်မီးသတ်တပ်ဖွဲ့ကိုဖွဲ့စည်းရန် ပိုင်ရှင်ထံ စာဖြင့်အကြောင်း ကြားရမည်။

(ခ) ပိုင်ရှင်က သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခွင့်ပြုရန် တင်ပြလာပါက သတ်မှတ်ချက်များ နှင့်အညီ ဖွဲ့စည်းခွင့်ပြုနိုင်သည်။

၄၆။ ပိုင်ရှင်သည် နည်းဥပဒေ ၄၅ (ခ)အရ သီးသန့်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းရာတွင် အရန် မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းပုံနှင့်အညီသင့်လျော်သလို ဖွဲ့စည်းရမည်။

၄၇။ သီးသန့်မီးသတ်တပ်ဖွဲ့၏ အလံ၊ တံဆိပ်နှင့် ရာထူးအဆင့်များကို အရန်မီးသတ် တပ်ဖွဲ့၏ အလံ၊ တံဆိပ်နှင့် ရာထူးအဆင့်များအတိုင်းသတ်မှတ် ဖွဲ့စည်းရမည်။

၄၈။ ပိုင်ရှင်သည်-

(က) သီးသန့်မီးသတ်တပ်ဖွဲ့ကို မီးသတ်ဦးစီးဌာနမှ သတ်မှတ်ပေးသည့် အင်အားအတိုင်း ဖွဲ့စည်းထားရှိရမည်။

( ခ) သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းသည့် ကုန်ကျစရိတ်ကို ကျခံရမည်။

( ဂ) သီးသန့်မီးသတ်တပ်ဖွဲ့၏တူညီဝတ်စုံဆင်ယင်မှု၊ စည်းကမ်းသေဝပ်မှု၊ အခြေခံမီးသတ်ပညာတတ်ကျွမ်းနားလည်မှု၊ မီးသတ်လုပ်ငန်းလေ့ကျင့်မှုတို့ကို သက်ဆိုင်ရာ မီးသတ်ဦးစီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) မီးသတ်ဦးစီးဌာန၏လေ့ကျင့်ရေးဆိုင်ရာမူဝါဒများနှင့်အညီလိုက်နာဆောင် ရွက်ရမည်။

( င) မီးသတ်ဦးစီးဌာန၏ညွှန်ကြားချက်နှင့်အညီမီးသတ်ပစ္စည်းကိရိယာများနှင့် မီးသတ်ရေလုံလောက်စွာထားရှိရမည်။ လိုအပ်ပါက မီးသတ်ယာဉ်များကို ဝယ်ယူထားရှိရမည်။

( စ) သီးသန့်မီးသတ်တပ်ဖွဲ့ဝင်အတွက် မီးသတ်ဦးစီးဌာနက ဖွင့်လှစ်သော အဆင့်အလိုက် သတ်မှတ်ထားသည့် သင်တန်းသို့ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအား တက်ရောက်စေရန် တာဝန်ယူရမည်။

၄၉။ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများတွင် မီးဘေးလုံခြုံရေးလုပ်ငန်းများကို တာဝန်ယူ ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် ပိုင်ရှင်သည် မီးသတ်ဦးစီးဌာနက ဖွင့်လှစ်သော မီးဘေးလုံခြုံရေး တာဝန်ခံသင်တန်းဆင်းအောင်လက်မှတ် သို့မဟုတ် အလားတူ အောင်လက်မှတ် ရရှိပြီးသူကိုသာ မီးဘေးလုံခြုံရေးတာဝန်ခံအဖြစ် တာဝန်ပေး အပ်ရမည်။

၅၀။ သီးသန့်မီးသတ်တပ်ဖွဲ့သည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) မီးသတိမူရေးနှင့်သက်ဆိုင်သည့် လုပ်ငန်းများဆောင်ရွက်ခြင်း၊

( ခ) မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( ဂ) မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

(ဃ) မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ မီးဘေး အန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အခါတွင်လည်းကောင်း၊ သက်ဆိုင်ရာ မီးသတ်ဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း(၁၂)
## သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းအတွက် လျော်ကြေး သို့မဟုတ်ကရုဏာကြေး

၅၁။ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ်သီးသန့်မီးသတ် တပ်ဖွဲ့ဝင်တစ်ဦးသည် အောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်ခုခု အမြဲမသန်မစွမ်းဖြစ်ခြင်း သို့မဟုတ် ထာဝရဆုံးရှုံးခြင်းဖြစ်လျှင် မီးသတ် တပ်ဖွဲ့ဝင် သို့မဟုတ် အရန်မီးသတ်တပ်ဖွဲ့ဝင် ဖြစ်ပါကနောက်ဆက်တွဲ(က)ပါ ဆုံးရှုံးမှုရာခိုင်နှုန်း အလိုက် မီးသတ်ဦးစီးဌာနက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် လျော်ကြေး သို့မဟုတ် ကရုဏာကြေးကိုလည်းကောင်း၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ဖြစ်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေအရ သတ်မှတ်သည့် လျော်ကြေး သို့မဟုတ် ကရုဏာကြေးကို လည်းကောင်း ခံစားခွင့်ရှိသည်-

(က) မီးငြှိမ်းသတ်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်ကပေးအပ်သော လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းကို အကြောင်းပြု၍ ဖြစ်ပေါ်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်နှင့် ရုတ်တရက်မတော်တဆဖြစ်ပွားသော ဘေးအန္တရာယ် များတားဆီးကာကွယ်ခြင်း သို့မဟုတ် ရှာဖွေကယ်ဆယ်ရေး တာဝန်များထမ်းဆောင်ခြင်း ကို အကြောင်းပြု၍ ဖြစ်ပေါ်ခြင်း၊

၅၂။ မီးသတ်တပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်တို့အတွက် မီးသတ်ဦးစီးဌာနက လည်းကောင်း၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်အတွက် အလုပ်ရှင်သို့မဟုတ် ပိုင်ရှင်က လည်းကောင်း လျော်ကြေး သို့မဟုတ် ကရုဏာကြေးပေးရမည်။

၅၃။ မီးသတ်တပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် သို့မဟုတ် ယင်းတို့၏ မှီခိုသူသည် နည်းဥပဒေ ၅၁ ပါ လျော်ကြေး သို့မဟုတ် ကရုဏာကြေးရရှိရန် သက်ဆိုင်ရာမီးသတ်စခန်း တာဝန်ခံမှတစ်ဆင့် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။

၅၄။ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်သို့မဟုတ် ယင်း၏ မှီခိုသူသည် တည်ဆဲဥပဒေအရ သတ်မှတ် သည့် လျော်ကြေး သို့မဟုတ် ကရုဏာကြေးရရှိရန် သက်ဆိုင်ရာ အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီသို့ မိမိတို့ ကိုယ်တိုင် ဖြစ်စေ၊ သက်ဆိုင်ရာ မီးသတ်ဦးစီးမှူးမှ တစ်ဆင့် ဖြစ်စေ လျှောက်ထားနိုင်သည်။

၅၅။ နည်းဥပဒေ ၅၃ နှင့် ၅၄ တို့အရ လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းများ နှင့်အတူ ပူးတွဲလျှောက်ထားရမည်-

(က) သေဆုံးခြင်းဖြစ်လျှင်-

(၁) နည်းဥပဒေ ၅၁ ပါ အကြောင်း တစ်ရပ်ရပ်ကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ မီးသတ်တာဝန်ခံ၏ အစီရင်ခံစာ၊

(၂) သက်ဆိုင်ရာ မီးဘေးလုံခြုံရေးအဖွဲ့၏ ထောက်ခံချက်၊

(၃) သက်ဆိုင်ရာ ရဲစခန်း၏ သေမှုသေခင်း အစီရင်ခံစာ မိတ္တူမှန်၊

(၄) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ဆေးစာ။

( ခ) ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခု ထာဝစဉ်ဆုံးရှုံးခြင်း သို့မဟုတ် အမြဲတမ်း မသန်မစွမ်း ဖြစ်ခြင်းဖြစ်လျှင်-

(၁) နည်းဥပဒေ ၅၁ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ကိုယ်အင်္ဂါအစိတ် အပိုင်းတစ်ခုခု ထာဝစဉ်ဆုံးရှုံးမှုနှင့် အမြဲတမ်းမသန်မစွမ်းမှုဖြစ်ကြောင်း သက်ဆိုင်ရာမီးသတ် တာဝန်ခံ၏ အစီရင်ခံစာ၊

(၂) သက်ဆိုင်ရာ မီးဘေးလုံခြုံရေးအဖွဲ့၏ ထောက်ခံချက်၊

(၃) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ဆေးစာ။

၅၆။ ညွှန်ကြားရေးမှူးချုပ်သည်မီးသတ်တပ်ဖွဲ့ဝင်သို့မဟုတ်အရန်မီးသတ်တပ်ဖွဲ့ဝင်တို့ သေဆုံးခြင်း ဖြစ်ပါကသတ်မှတ်သည့် လျော်ကြေး သို့မဟုတ် ကရုဏာကြေးကို အောက်ပါ အမွေဆက်ခံခွင့် အစီ အစဉ်အတိုင်း ထုတ်ပေးရမည်-

(က) ခင်ပွန်း သို့မဟုတ် ဇနီး၊

(ခ) သားသမီး၊

(ဂ) မိဘ၊

(ဃ) မြေး၊

(င) ညီအစ်ကို၊ မောင်နှမ၊

(စ) တူ၊ တူမ၊

(ဆ) နည်းဥပဒေခွဲငယ် (၁)မှ(၆) အထိ ပုဂ္ဂိုလ် တစ်ဦးဦး မရှိပါက သက်ဆိုင်ရာ ဥပဒေနှင့် ဓလေ့ ထုံးတမ်း ဥပဒေတို့အရ အမွေ ဆက်ခံခွင့်ရှိသူ။

## အခန်း(၁၃)

## မီးလောင်မှုဖြစ်ပွားခြင်းများကို စုံစမ်းစစ်ဆေးခြင်း

၅၇။ မြို့နယ်မီးသတ်ဦးစီးမှူးသည် မီးလောင်မှုဖြစ်ပွားခြင်းနှင့်စပ်လျဉ်း၍ အမြန်ဆုံးစုံစမ်းစစ်ဆေးပြီး ခုနစ်ရက်အတွင်း အောက်ပါအချက်များပါဝင်သည့် အစီရင်ခံစာကို မှတ်တမ်းအထောက်အထားများနှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံ အဆင့်ဆင့်တင်ပြရမည်-

(က) မီးလောင်သည့်မြို့၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု၊

( ခ) မီးလောင်သည့် နေ့ရက်နှင့်အချိန်၊

( ဂ) မီးလောင်သည့် နေရာ၏မြေအမျိုးအစား၊ မြေကွက်အမှတ်၊ ဦးပိုင်အမှတ်နှင့် မြေဧရိယာအကျယ်အဝန်း၊

(ဃ) မီးလောင်သည့်မြေ၊ အဆောက်အအုံ သို့မဟုတ် အခြားပစ္စည်းကို ပိုင်ဆိုင်သော ပိုင်ရှင်အမည်၊ နေရပ်လိပ်စာ၊

( င) မီးလောင်ဆုံးရှုံးသည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့် ခန့်မှန်းတန်ဖိုး၊

( စ) မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းအရင်း၊

(ဆ) မီးလောင်မှုအတွက် တာဝန်ရှိသူ၊

( ဇ) မီးလောင်မှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ။

၅၈။ မီးလောင်ဆုံးရှုံးသွားသည့် အဆောက်အအုံများနှင့်စပ်လျဉ်း၍ ခန့်မှန်းဆုံးရှုံးမှုတန်ဖိုးတွက်ချက်ရာတွင် အဆောက်အအုံအမျိုးအစားအလိုက် ဒေသတွင်းသတ်မှတ်နှုန်းကို အခြေခံ၍ အောက်ပါအတိုင်းတွက်ချက်ရမည်-

(က) မီးလောင်ဆုံးရှုံးသွားသည့် အဆောက်အအုံ၏ စုစုပေါင်းကြမ်းခင်း ဧရိယာကို တွက်ချက်ခြင်း၊ (အဆောက်အဦ၏ အလျား x အနံ x အထပ် အရေအတွက်)

( ခ) အောက်ပါအဆောက်အအုံအမျိုးအစားအလိုက် ဒေသတွင်းတစ်စတုရန်းပေ သတ်မှတ်နှုန်းထား အတိုင်းတွက်ခြင်း-

(၁) သံကူကွန်ကရစ်အဆောက်အအုံ၊

(၂) သံကိုယ်ထည်ဖြင့်တည်ဆောက်ထားသောအဆောက်အအုံ၊

(၃) အုတ်ညှပ်အဆောက်အအုံ၊

(၄) ပျဉ်ထောင်အိမ်၊

(၅) ဓနိ၊ ထရံဝါးတို့ဖြင့်ဆောက်လုပ်သည့်အိမ်။

(ဂ) မီးလောင်ခံရသည့် အဆောက်အအုံ၏ သက်တမ်းပေါ်မူတည်၍ ၁၀ နှစ်အတွင်း အဆောက်အအုံများအတွက် နည်းဥပဒေခွဲ (က)နှင့်(ခ) တို့အရ တွက်ချက်ရရှိသော အဆောက်အအုံတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ၁၀ နှစ်ကျော် အဆောက်အအုံများအတွက် နည်းဥဒေခွဲ (က)နှင့် (ခ)တို့အရ တွက်ချက်ရရှိသော အဆောက်အအုံတန်ဖိုး၏၂၅ ရာခိုင်းနှုန်းဖြင့် လည်းကောင်းတွက်ချက်ခြင်း။

(ဃ) ဆောက်လုပ်ပြီးစ၊ တစ်လအတွင်းအသုံးမပြုရသေးလျှင်ကာလပေါက်ဈေးဖြင့်တွက်ချက်ထားသော အမှန်ကုန်ကျစရိတ်နှုန်းထားအတိုင်း တွက်ချက်ခြင်း၊ အသုံးပြုဆဲဖြစ်လျှင် အပိုဒ်(ဂ) အတိုင်းတွက်ချက်ခြင်း၊

(င) မီးလောင်ခံရသည့်အဆောက်အအုံ၏ ရာခိုင်နှုန်းအရ တန်ဖိုးတွက်ချက်ခြင်း။

## အခန်း(၁၄)
## မီးသတ်ယာဉ်၊မီးသတ်စက်၊ မီးသတ်ပစ္စည်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများထိန်းသိမ်းခြင်းနှင့်ပြင်ဆင်ခြင်း

၅၉။ သက်ဆိုင်ရာမီးသတ်တာဝန်ခံသည် မီးသတ်ဦးစီးဌာနကထုတ်ပေးသောသို့မဟုတ် ကိုယ့်အားကိုယ်ကိုးဖြည့်တင်းထားသောမီးသတ်ယာဉ်၊ မီးသတ်စက်၊ မီးသတ်ပစ္စည်းကိရိယာများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်း ကိရိယာများချို့ယွင်းပျက်စီးဆုံးရှုံးမှုများ မဖြစ်စေရန် တာဝန်ယူဆောင်ရွက်ရမည်။

၆၀။ သက်ဆိုင်ရာမီးသတ်စခန်းတာဝန်ခံသည် မီးသတ်ယာဉ်၊မီးသတ်စက်၊ မီးသတ်ပစ္စည်းကိရိယာများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများ ချို့ယွင်းပျက် စီးသဖြင့် ပြင်ဆင်ရန် သို့မဟုတ် အစားထိုးလဲလှယ်ရန် လိုအပ်ပါက သက်ဆိုင်ရာမြို့နယ် မီးသတ် ဦးစီးမှူးထံ စာဖြင့်ချက်ချင်းအစီရင်ခံရမည်။

၆၁။ သက်ဆိုင်ရာ မြို့နယ်မီးသတ်ဦးစီးမှူးသည် တင်ပြချက်နှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ပါကမီးသတ်ယာဉ်၊ မီးသတ်စက်၊ မီးသတ်ပစ္စည်းကိရိယာများနှင့် ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများ ပြင်ဆင်ခြင်းနှင့် အစားထိုးလဲလှယ်ခြင်းတို့ကို ဆောင်ရွက်ပေး ရမည်။

၆၂။ သက်ဆိုင်ရာမြို့နယ် မီးသတ်ဦးစီးမှူးသည် မီးသတ်ယာဉ်နှင့် မီးသတ်စက်များကို မှတ်ပုံတင်စာရင်းရေးသွင်း၍ မီးသတ်ဦးစီးဌာနသို့အဆင့်ဆင့်အစီရင်ခံတင်ပြပြီးအောက်ပါ အချက်များအား လိုက်နာဆောင်ရွက်ရမည်-

(က) မီးသတ်ယာဉ်ကို အနီရောင်သုတ်ရမည်။

( ခ) မီးသတ်ယာဉ်အစိတ်အပိုင်းများကို လွှဲပြောင်း ခြင်း၊ ရောင်းချခြင်းမပြုရ။

( ဂ) မီးသတ်ယာဉ်နှင့် ယင်း၏အစိတ်အပိုင်းများကို ပြောင်းလဲတပ်ဆင် လိုပါက မီးသတ်ဦးစီးဌာန၏ သဘောတူညီချက်ကို ရယူရမည်။

(ဃ) မီးသတ်ယာဉ်တစ်စီးအတွက် တပ်ဖွဲ့ဝင်ရာထူးအဆင့်နှင့် အင်အားကို မီးသတ်ဦးစီး ဌာနက သတ်မှတ်ပေးသည့်အတိုင်း တာဝန်ပေးအပ်ရမည်။

( င) မီးသတ်ယာဉ်နှင့် မီးသတ်စက်ကို မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့၏ ကြီးကြပ် မှုဖြင့် စနစ်တကျအသုံးပြုရမည်။

## အခန်း(၁၅)
## မီးဘေးလုံခြုံရေးစီမံချက်များ

၆၃။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် ဥပဒေပုဒ်မ ၁၇ ပါ လုပ်ငန်းကိစ္စတစ်ခုခု အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်းမပြုမီ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေး ဆိုင်ရာ စစ်ဆေးထောက်ခံချက်ရယူရန် သက်ဆိုင်ရာအဆောက် အအုံပုံစံ၊ အရေးပေါ်လွတ်မြောက်မှု ဆိုင်ရာနှင့် မီးဘေးလုံခြုံရေးဆိုင်ရာစနစ်များပါရှိသည့်ပုံစံများ၊ အခြားလိုအပ်သောစာရွက်စာတမ်း အထောက်အထားများပူးတွဲ၍ သက်ဆိုင်ရာ ဒေသရှိ မီးသတ်ဦးစီးမှူးထံ တင်ပြရမည်။

၆၄။ သက်ဆိုင်ရာဒေသရှိ မီးသတ်ဦးစီးမှူးသည်-

(က) နည်းဥပဒေ ၆၃ အရ တင်ပြချက်ကိုရရှိသည့်အခါ သက်ဆိုင်ရာနေရာ၊ အဆောက်အအုံ၊ စက်ရုံ၊အလုပ်ရုံ၊လုပ်ငန်းဌာနများနှင့် ယာဉ်များကိုဝင်ရောက်၍ မီးဘေးလုံခြုံရေး ဆိုင်ရာ စစ်ဆေးခြင်းများ ဆောင်ရွက်ရမည်။

( ခ) စစ်ဆေးတွေ့ရှိချက်များကို မီးသတ်ဦးစီးဌာန သို့မဟုတ် ယင်းကတာဝန်ပေးအပ် သူထံ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၆၅။ မီးသတ်ဦးစီးဌာန သို့မဟုတ် ယင်းကတာဝန်ပေးအပ်ထားသူသည် နည်းဥပဒေ ၆၄၊ နည်းဥပဒေခွဲ(ခ)အရ တင်ပြချက်များကိုစိစစ်ပြီး အရေးပေါ်လွတ်မြောက်မှုနှင့် မီးဘေးလုံခြုံရေး ဆိုင်ရာ အစီအမံညွှန်ကြားချက်များကို ထုတ်ပေးရမည်။

၆၆။ နည်းဥပဒေ ၆၅ အရ ထုတ်ပေးခဲ့သည့် အရေးပေါ်လွတ်မြောက်မှုနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ အစီအမံ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ပြီးမှသာမီးဘေးလုံခြုံရေးဆိုင်ရာ ထောက်ခံချက် ထုတ်ပေးရမည်။

၆၇။ သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူသည် နည်းဥပဒေ ၆၄၊ နည်းဥပဒေခွဲ(က) အရ ဝင်ရောက်စစ်ဆေးခြင်းအတွက် သတ်မှတ်ထားသောဝန်ဆောင်ခကို မီးသတ်ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၆၈။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသူသည် ဥပဒေပုဒ်မ ၁၇ ပါ ကိစ္စရပ်များအတွက် ခွင့်ပြုမိန့်ပေးရာတွင် သက်ဆိုင်သူသို့မဟုတ်လျှောက်ထားသူက မီးသတ်ဦးစီးဌာန၏ အရေးပေါ်လွတ်မြောက်မှုနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များလိုက်နာဆောင်ရွက်ပြီးစီး၍ထုတ်ပေးသော မီးဘေးလုံခြုံရေးဆိုင်ရာစစ်ဆေးထောက် ခံချက်ရရှိမှသာ လူနေထိုင်ခွင့်၊ အသုံးပြုခွင့်၊ သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရမည်။

၆၉။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် မြို့ပြ၊ ကျေးရွာများတည်ထောင်ခြင်း၊ ပြုပြင်ခြင်းနှင့် မြို့ပြ၊ ကျေးရွာစီမံကိန်း၊ စက်မှုဇုန်နှင့် စီးပွားရေးဇုန် စီမံကိန်းများရေးဆွဲခြင်း ပြုရာတွင် မြို့ပြ၊ ကျေးရွာစီမံကိန်းနှင့်သက်ဆိုင်သည့် အောက်ပါအချက်အလက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမီးသတ်ဦးစီးဌာန၏ သဘောထားကိုရယူဆောင်ရွက်ရမည်-

(က) မီးသတ်ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်သည့် လမ်းထားရှိခြင်း၊
(ခ) မီးငြိမ်းသတ်ရန် ရေရရှိရေး အစီအစဉ်များ စီမံထားရှိခြင်း၊
(ဂ) မီးသတ်စခန်းအဆောက်အအုံအတွက်မြေနေရာရရှိရေးနှင့်အဆောက်အအုံဆောက် လုပ်ခြင်း၊
(ဃ) မီးတားလမ်းများထားရှိခြင်း၊
(င) ဘေးအန္တရာယ်ကျရောက်စဉ် ရှောင်တိမ်းနိုင်ရန်အတွက် ဘေးကင်းရာနေရာ အဖြစ်မြေလွတ်ထားရှိခြင်း၊
(စ) မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းများအတွက် သီးသန့်နေရာ ချထားပေး ရေးနှင့် အဆောက်အအုံ ဆောက်လုပ်ခြင်း၊
(ဆ) မီးဘေးအန္တရာယ် ဖြစ်စေတတ်သည့်ပစ္စည်းများနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများ သိုလှောင်ခြင်း၊ ရောင်းချခြင်းနှင့်ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် သီးသန့်နေရာ ချထားပေးရေးနှင့် အဆောက်အအုံဆောက်လုပ်ရေး၊
(ဇ) မီးဘေးလုံခြုံရေးစီမံချက်များထားရှိခြင်း။

၇၀။ မီးဘေးလုံခြုံရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များသည် အောက်ပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မီးသတ်ဦးစီးဌာန၏အကြံဉာဏ်ကို ရယူဆောင်ရွက်ရမည်-

(က) မီးငြိမ်းသတ်ရန်အတွက် ရေရရှိရေးစီမံချက်ကို အကောင်အထည်ဖော်ဆောင် ရွက်ခြင်း လုပ်ငန်း၊
(ခ) မီးသတ်ရေကန်နှင့်ရေစင်များတည်ဆောက်ခြင်း၊ရေပိုက်များတပ်ဆင်ခြင်း၊ မြေအောက်သို့မဟုတ် မြေပေါ်ရှိ ရေပိုက်ခေါင်းများတပ်ဆင်ခြင်းလုပ်ငန်း။

၇၁။ မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည်–

(က) မီးသတ်ယာဉ်၊မီးသတ်ပစ္စည်းကိရိယာများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း သုံးပစ္စည်းကိရိယာများထားရှိခြင်း၊

(ခ) မြို့နှင့်ကျေးရွာများတွင် မီးလှန့်အချက်ပေး စနစ်များစီမံ ပြုလုပ်ထားရှိခြင်း၊

(ဂ) မီးသတ်စခန်းများကို သင့်လျော်သည့် နေရာ များတွင်ထားရှိခြင်း၊

(ဃ) မီးသတ်စခန်းအသစ်များ၊တိုးချဲ့ဖွဲ့စည်းရန်လိုအပ်ပါကဝန်ကြီးဌာနသို့ အဆိုပြု တင်ပြခြင်း။

## အခန်း (၁၆)

## စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ အဖွဲ့အစည်းနှင့် ပစ္စည်းသိုလှောင်ရုံများတွင် မီးဘေးလုံခြုံရေး လုပ်ငန်းဆောင်ရွက်ခြင်း

၇၂။ အစိုးရဌာန၊ အဖွဲ့အစည်း၊ အကြီးအမှူးများနှင့် ပိုင်ရှင်များသည် မီးဘေးအန္တရာယ်ကာကွယ်တားဆီးနိုင်ရန် အောက်ပါတို့ကို ဆောင်ရွက်ရမည်–

(က) မီးဘေးလုံခြုံရေးနှင့်သက်ဆိုင်သည့် လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ခ) စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း သို့မဟုတ် ပစ္စည်းသိုလှောင်ရုံတွင် မီးဘေးလုံခြုံရေး အတွက် အသုံးပြုသည့် မီးလောင်မှုဆိုင်ရာအာရုံခံစနစ်၊ မီးလှန့်အချက်ပေးစနစ်၊ အရေးပေါ်လွတ်မြောက်မှုဆိုင်ရာစနစ်၊လေဝင်၊လေထွက်စနစ်များကိုစနစ်တကျ ရေးဆွဲတည်ဆောက် တပ်ဆင်ရမည့်ပြင် မီးငြိမ်းသတ်ရေးအတွက် အလိုအလျောက် ရေဖြန်းစနစ်၊ မီးသတ် ရေပက်ပိုက်လိပ်ခွေ၊ အမြင့်တင် မီးသတ်ရေ ပိုက်စနစ်၊ မြေတွင်းရေပိုက်ခေါင်း၊ မီးသတ် ရေစင်၊ရေလှောင်ကန်၊ မီးသတ်စက်၊ မီးသတ်ဆေးဘူးစသည့် မီးငြိမ်းသတ်ရန် အသုံးပြု နိုင်သော ပစ္စည်းကိရိယာများ မပျက်မကွက် တပ်ဆင်ထားရှိခြင်း။

(ဂ) အရေးပေါ်လွတ်မြောက်မှုဆိုင်ရာနှင့် မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်းများအတွက် တပ်ဆင်ရမည့်စနစ်များ၊ တပ်ဆင်ရမည့်နေရာ၊ အရေအတွက် နှင့်စံချိန် စံညွှန်းများကို မီးသတ်ဦးစီးဌာနမှ လမ်းညွှန်ချက်ရယူ၍ ဆောင်ရွက်ထားရှိခြင်း၊

(ဃ) မီးဘေးလုံခြုံရေးစီမံချက်များပြုလုပ်ရာတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် နှင့်အညီ သက်ဆိုင်ရာမီးသတ်ဦးစီးမှူးနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) မီးသတ်ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက် များကို လိုက်နာဆောင်ရွက်ခြင်း၊

၇၃။ မီးသတ်ဦးစီးမှူးသည် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများကို မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(က) မီးဘေးလုံခြုံရေးစီမံချက်နှင့်အညီ ဆောင်ရွက်ထားခြင်းရှိမရှိ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် စစ်ဆေးခြင်း၊

( ခ) နည်းဥပဒေခွဲ(က)အရမီးဘေးလုံခြုံရေးစစ်ဆေးရာတွင်ပြုပြင်ဆောင်ရွက်ရမည့် အချက်များကိုတွေ့ရှိပါက ပြုပြင်ဆောင်ရွက်ရန်လိုအပ်သော အသေးစိတ်ဖော်ပြချက်များ ပုံစံများနှင့်အညီ သတ်မှတ်သည့် အချိန်ကာလအတွင်းလိုက်နာ ဆောင်ရွက်ရန်သက်ဆိုင်ရာ ပိုင်ရှင်သို့မဟုတ် စီမံခန့်ခွဲသူအား ဆင့်ဆိုညွှန်ကြား ခြင်းနှင့် အစိုးရဌာန၊ အဖွဲ့အစည်း အကြီးအမှူးအား အကြောင်းကြားခြင်း။

## အခန်း (၁၇)
## သယ်ယူပို့ဆောင်ရေးယာဉ်များတွင် မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၇၄။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ဆောင်ရွက်နေသောယာဉ်ပိုင်ရှင်က ဖြစ်စေ၊ ယာဉ်ပိုင်ရှင်ကတာဝန်လွှဲအပ်ထားသောသူ သို့မဟုတ် ယာဉ်ကို ကိုင်တွယ်မောင်းနှင်သူကဖြစ်စေ ခရီးသည်နှင့် ကုန်စည်များ၏ မီးဘေးလုံခြုံရေးအတွက် လိုအပ်သောအစီအမံများကို မီးသတ်ဦးစီး ဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိ ရမည်။

၇၅။ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က တာဝန်လွှဲအပ်ထားသော မီးသတ်ဦးစီးမှူးသည် မော်တော်ယာဉ်၊ မီးရထား၊ လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘော၊ စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်များကိုစစ်ဆေး၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ယာဉ်အမျိုးအစားနှင့် သယ်ယူပို့ဆောင်သော ပစ္စည်းအမျိုးအစားအလိုက် ထားရှိ ရမည့် မီးဘေးလုံခြုံရေးစနစ်များနှင့် မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာများ သတ်မှတ်ခြင်း၊

( ခ) နည်းဥပဒေခွဲ(က)အရ မီးဘေးလုံခြုံရေးစစ်ဆေးပြီး ပြုပြင်ဆောင်ရွက်ရမည့် အချက်များကိုတွေ့ရှိပါက ပြုပြင်ဆောင်ရွက်ရန်လိုအပ်သော အသေးစိတ်ဖော်ပြ ချက်များနှင့်အညီ သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာဆောင်ရွက်ရန် သက်ဆိုင်ရာ ပိုင်ရှင်သို့မဟုတ် စီမံခန့်ခွဲသူအား ဆင့်ဆိုညွှန်ကြားခြင်း။

## အခန်း (၁၈)
## မီးလောင်မှုနှင့်သက်ဆိုင်သည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇၆။ မီးလောင်မှုဖြစ်ပွားလျှင် မီးလောင်ရာသို့ရောက်ရှိလာသော အဆင့်မြင့်ဆုံး မီးသတ်တာဝန်ခံသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ မီးသတ်ဦးစီးဌာနကထုတ်ပြန်ထားသည့် ညွှန်ကြားချက် များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၇၇။ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ်သီးသန့်မီးသတ်တပ်ဖွဲ့သည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန်ဖြစ်စေ၊ မီးငြိမ်းသတ်ရေးလုပ်ငန်းဆောင်ရွက်ရန်ဖြစ်စေ၊ ဥပဒေအရ သတ်မှတ်သည့် အခြားတာဝန်များကို ထမ်းဆောင်ရန်ဖြစ်စေ၊ မြို့နယ်တစ်မြို့နယ်မှ အခြားမြို့နယ်သို့ လည်းကောင်း၊ သတ်မှတ်မီးသတ်နယ်မြေဒေသမှ အခြားမီးသတ်နယ်မြေ ဒေသသို့ လည်းကောင်း၊ အခြားနေရာတစ်ခုခုသို့ လည်းကောင်း သွားရောက်ခွင့်ရှိသည်။ ယင်းသို့သွားရောက်သည့်အခါမီးသတ်ဦးစီးဌာနကထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီလိုက်နာ ဆောင်ရွက်ရမည်။

## အခန်း(၁၉)

## အထွေထွေ

၇၈။ ဝန်ကြီးဌာနသည် မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ အခြားအစိုးရဌာန၊ အဖွဲ့ အစည်းမှ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ မီးသတ်ဦးစီးဌာနတွင် လက်ထောက်မီးသတ်ဦးစီးမှူးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးအဆင့်အထိ ခန့်အပ်တာဝန်ပေးနိုင်သည်။

၇၉။ အရန်မီးသတ်တပ်ဖွဲ့များ၏ အခြေခံလိုအပ်ချက်ဖြစ်သော အရန်မီးသတ်စခန်း မြေနေရာ၊ စခန်းအဆောက်အအုံ၊ မီးသတ်ယာဉ်၊ မီးသတ်ပစ္စည်းကိရိယာ၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် အုပ်ချုပ်မှုကိစ္စရပ်များဖြစ်သည့် တူညီဝတ်စုံ၊ စက်သုံးဆီ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ သင်တန်းအသုံးစရိတ်၊ ခရီးသွားလာစရိတ်၊ ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်နှင့် ဂရုဏာကြေးများကို နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့မှ လိုအပ်ပါက ဖြည့်ဆည်း ဆောင်ရွက်ပေးရမည်။

၈၀။ သက်ဆိုင်ရာဒေသရှိ မီးသတ်ဦးစီးမှူးသည်-

(က) အရန်မီးသတ်တပ်ဖွဲ့ကဆောင်ရွက်ရမည့် ရုံးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည့် ရုံးတွင်းအမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိရမည်။

( ခ) အရန်မီးသတ်တပ်ဖွဲ့ပိုင်မြေ၊ အဆောက်အအုံ၊ ယာဉ်၊ စက်၊ ငွေကြေးနှင့် အထောက်အပံ့ပစ္စည်း၊ ဝတ်စုံနှင့် ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ စာရင်းများ စနစ်တကျ ပြုစုထားရှိရေးနှင့်စပ်လျဉ်း၍ လိုအပ်သည့် ရုံးတွင်းအမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိ ရမည်။

(ဂ) သင်တန်းတက်ရောက်မည့် အရန်မီးသတ်တပ်ဖွဲ့ဝင်မှာ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ယင်းသို့ သင်တန်းတက်ရောက်ရသည့် ကာလတိုတာဝန်ချိန်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ထောက်ခံချက်ပေးရမည်။

၂၉

၈၁။ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ ဝတ်စုံ၊အလံ၊တံဆိပ်နှင့် ရာထူးအဆင့် သည် ဝန်ကြီးဌာနက ခွင့်ပြုချက်ဖြင့်သတ်မှတ်သည့် အတိုင်းဖြစ်သည်။

၈၂။ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေး ထောက်ခံချက်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်သည် အဆင့်ဆင့်သော မီးသတ်ဦးစီးမှူး များအား စစ်ဆေးထောက်ခံချက်ထုတ်ပေးရန် တာဝန်သတ်မှတ်ပေးနိုင်သည်။

၈၃။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် မီးသတ်ယာဉ်နှင့် မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများကို နိုင်ငံခြားမှတင်သွင်းခြင်း၊ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း များအတွက် ခွင့်ပြုမိန့်ထုတ်မပေးမီ မီးသတ်ဦးစီးဌာန၏ စစ်ဆေးထောက်ခံချက်ကို ရယူ ရမည်။

၈၄။ မီးသတ်ဦးစီးဌာနသည် ဥပဒေပုဒ်မ ၁၇ ပါ ကိစ္စရပ်များနှင့်ပတ်သက်၍ အရေးပေါ် လွတ်မြောက်မှုနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းသတ်မှတ်ချက်များကိုခေတ်နှင့် လျော်ညီစွာ နိုင်ငံတကာ စံချိန် စံညွှန်းများနှင့်အညီ အခါအားလျော်စွာ ထုတ်ပြန်ရမည်။

၈၅။ ညွှန်ကြားရေးမှူးချုပ်သည် မီးငြိမ်းသတ်ရေးတာဝန်၊ ရှာဖွေကယ်ဆယ်ရေးတာဝန်နှင့် နိုင်ငံတော်မှပေးအပ်သည့် တာဝန်များထမ်းဆောင်ရာတွင်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ်သို့မဟုတ် ရုတ်တရက် မတော်တဆဖြစ်ပွားသော ဘေးအန္တရာယ် တားဆီးကာကွယ်ရေးတာဝန်များ ထမ်းဆောင်ရာတွင်လည်းကောင်း စွမ်းစွမ်းတမံဆောင်ရွက် ခဲ့သည့် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ကိုဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းနှင့် ပြည်သူများကိုဖြစ်စေ၊ သက်ဆိုင်ရာမီးဘေးလုံခြုံရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် ဆုငွေ သို့မဟုတ် ဂုဏ်ပြုလွှာ ချီးမြှင့်ခြင်း သို့မဟုတ် ဘွဲ့ထူး၊ ဂုဏ်ထူးချီးမြှင့်ရန် အတွက် ထောက်ခံချက်ပေးခြင်းပြုနိုင်သည်။

၈၆။ ၂၀၀၆ ခုနှစ် မီးသတ်တပ်ဖွဲ့နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်း လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို
ပြည်ထောင်စုဝန်ကြီး

ပုံစံ(၁)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထဲရေးဝန်ကြီးဌာန**

**မီးသတ်တပ်သားအဖြစ် တာဝန်ထမ်းဆောင်ခွင့်လျှောက်လွှာ**

သို့

ညွှန်ကြားရေးမှူးချုပ်

မီးသတ်ဦးစီးဌာန

အကြောင်းအရာ။ **မီးသတ်တပ်သားအဖြစ် တာဝန်ထမ်းဆောင်ခွင့်ပြုရန်လျှောက်ထားခြင်း**

ကျွန်တော်/ကျွန်မ ---------------------- သည် မီးသတ်တပ်ဖွဲ့တွင် မီးသတ်တပ်သားအဖြစ် တာဝန်ထမ်းဆောင်လိုပါ၍ မီးသတ်တပ်သားအဖြစ် ထမ်းဆောင်ခွင့်ပြုပါရန် အောက်ပါအချက်အလက် များကို ဖော်ပြလျှောက်ထားအပ်ပါသည်။

၁။ အမည် ----------------------------------------------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------------------------

၃။ အလုပ်သမားနှင့်အလုပ်အကိုင်ရှာဖွေရေးမှတ်ပုံတင်အမှတ်------------------------------------

၄။ အဘအမည် ------------------------------------------------------------------------------

၅။ အမိအမည် ------------------------------------------------------------------------------

၆။ မွေးသက္ကရာဇ် --------------------------------------------------------------------------

၇။ ပညာအရည်အချင်း ----------------------------------------------------------------------

၈။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ------------------------------------------------------------

၉။ ကိုယ်အင်္ဂါအစိတ်အပိုင်း

(က) အရပ် --------------------------------------------------------------------------------

(ခ) ရင်အုပ်အကျယ် --------------------------------------------------------------------------

(ဂ) ကိုယ်အလေးချိန် ------------------------------------------------------------------------

၁၀။ ယာဉ်မောင်းတတ်/မတတ်၊ လိုင်စင်ရှိ/မရှိ ---------------------------------------------------

၁၁။ အခြေခံမီးသတ်ပညာသင်တန်းတက်ရောက်ပြီးသော ခုနှစ်နှင့်အပတ်စဉ်----------------------

၁၂။ ကိုယ်တွင်ထင်ရှားသည့်အမှတ်အသား ----------------------------------------------------------

(ပက်စ်ပို့အရွယ် ဓါတ်ပုံ(၃)ပုံ)

၁၃။ သီးခြားကျွမ်းကျင်မှု(ဥပမာ) စက်မှု/လက်မှု ----------------------------------------------



၁၄။ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ထောက်ခံစာ အရန်မီးသတ်တပ်ဖွဲ့ဝင်ဖြစ်ကြောင်းထောက်ခံစာ၊ အသက်နှင့်ကျန်းမာရေးထောက်ခံစာ၊ ပါတီနိုင်ငံရေး ကင်းရှင်းကြောင်းထောက်ခံချက်နှင့် ပညာအရည်အချင်းထောက်ခံစာတို့ကို မူရင်း(သို့မဟုတ်)မိတ္တူ ပူးတွဲပေးပို့ရမည်။

------------------------------------------------------------------------------------------

--------------- ---------------------------------------------------------------------

------------------------------

လျှောက်ထားသူထိုးမြဲလက်မှတ်

ဆက်သွယ်ရန်နေရပ်လိပ်စာအပြည့်အစုံ၊ -------------------------------------------------
-----

-------------------------------------------------

-----

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

ပုံစံ(၂)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထဲရေးဝန်ကြီးဌာန**

**အရန်မီးသတ်တပ်ဖွဲ့ဝင်လျှောက်လွှာ**

သို့

ဥက္ကဋ္ဌ

ရပ်ကွက်/ကျေးရွာအုပ်စု မီးဘေးလုံခြုံရေးအဖွဲ့

ရက်စွဲ၊ ------------------

၁။ အမည် -------------------------------------------------------------------------
--------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -----------------------------------------------
---------

၂။ အသက်(        )မွေးသက္ကရာဇ် ------------------------------------------------------
----------

(လျှောက်ထားသည့်နေ့တွင်(၁၈)နှစ်ပြည့်ပြီးဖြစ်ရမည်)

၃။ လူမျိုးနှင့်ဘာသာ ------------------------------------------------------------
------------

၄။ မိဘအမည် ------------------------------------------------------------------
-------------

၅။ မိဘအလုပ်အကိုင် ------------------------------------------------------------
------------

၆။ ပညာအရည်အချင်း ------------------------------------------------------------
------------

၇။ ပညာသင်ကြားခဲ့သည့်ကျောင်းနှင့်မြို့ ------------------------------------------------
----------

၈။ သီးခြားကျွမ်းကျင်မှုပညာ ------------------------------------------------------
-----------

၉။ လက်ရှိအလုပ်အကိုင် --------------------------------------------------------
------------

၁၀။ ယခင်နေရပ်နှင့်လိပ်စာ --------------------------------------------------------
-----------

၁၁။ ယခုနေရပ်နှင့်လိပ်စာ ---------------------------------------------------------
-----------

၁၂။ အိမ်ထောင် ရှိ/မရှိ ------------------------------------------------------------
------------

၁၃။ မီးသတ်အစည်းအရုံး သို့မဟုတ် အခြားမီးသတ်အဖွဲ့အစည်းတွင် ဝင်ရောက်ခဲ့ဖူးသည့်နှစ် -----
- ------------------------------------------------------------------------------
---------------

၁၄။ မီးသတ်အစည်းအရုံး သို့မဟုတ် အခြားမီးသတ်အဖွဲ့အစည်းတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးလျှင် မည်သည့်အဆင့်အတန်း၌ ဆောင်ရွက်ခဲ့သည်၊ မည်သည့်မီးသတ်ဌာနတွင် ဆောင်ရွက်ခဲ့သည် ------------------------------------------------------------------------------
---------------

၁၅။ တက်ရောက်ခဲ့ဖူးသော မီးသတ်သင်တန်းများ ------------------------------------------
-------

-----------------------------------------------------------------------------------------
---------------

၁၆။ ပါဝင်ဆောင်ရွက်ခဲ့ဖူးသည့် လူမှုဝန်ထမ်းလုပ်ငန်းများ(အချိန်ကာလဖော်ပြရန်) -------------
--

-----------------------------------------------------------------------------------------
---------------

၁၇။ ပြစ်မှုတစ်ခုခုဖြင့် ပြစ်ဒဏ်ကျခံခဲ့ရဖူးခြင်း ရှိ/မရှိ(သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရန်) ---------------------------------------------
--------

-----------------------------------------------------------------------------------------
---------------

၂

၁၈။ အမွေစားအမွေခံ ---------------------------------------------------------------------
------------

-----------------------------------------------------------------------------------------
---------------

(အကယ်၍ လျော်ကြေးပေးပါက မည်သူ့ကိုလွှဲအပ်ပေးမည်)

(က) ပထမဦးစားပေးလွှဲအပ်ခြင်းခံရသူ ---------------------------------------------
-------

နေရပ် ---------------------------------------------------------------------
------------

( ခ ) ဒုတိယဦးစားပေးလွှဲအပ်ခြင်းခံရသူ -------------------------------------------
-------

နေရပ် ---------------------------------------------------------------------
------------

( ဂ ) တတိယဦးစားပေးလွှဲအပ်ခြင်းခံရသူ -------------------------------------------
-------

နေရပ် ---------------------------------------------------------------------
------------

အထက်ပါအချက်အလက်များကို ကိုယ်တိုင်မှန်ကန်စွာ ဖြည့်စွက်ပါသည်။

မှတ်ချက်။ ။အမွေစားအမွေခံ ဦးစားပေးစာရင်းတွင် ဇနီးကို ပထမဦးစားပေးရမည်။

ထိုးမြဲလက်မှတ် -----------------
---

လျှောက်ထားသူ -----------------
---

အထက်ပါလျှောက်ထားချက်များကို ကိုယ်တိုင်သိရှိ ထောက်ခံပါသည်။
ရပ်ကွက်အုပ်ချုပ်ရေးမှူး၏

ထိုးမြဲလက်မှတ် -----------------
---

လျှောက်ထားသူ -----------------
---

လျှောက်ထားသူအမည် --------------------------- အဘအမည် ----------------------
---- အား
အရန်မီးသတ်တပ်ဖွဲ့သို့ -------------------- နေ့မှစတင်၍ ဝင်ရောက်ရန်ရွေးချယ်ပါသည်။

လက်မှတ် ---------------------
----

ရွေးချယ်ရေးအဖွဲ့

နောက်ဆက်တွဲ(က)

**သေဆုံးခြင်း၊ကိုယ်အင်္ဂါအစိတ်အပိုင်း၊ထာဝစဉ်ဆုံးရှုံးခြင်းများနှင့် အမြဲတမ်းမသန်မစွမ်းဖြစ်မှုများ**

| စဉ် | ဆုံးရှုံးမှုအမျိုးအစား | ဆုံးရှုံးမှု ရာခိုင်နှုန်း |
|---|---|---|
| ၁။ | သေဆုံးခြင်း | ၁၀၀ |
| ၂။ | မျက်စေ့နှစ်လုံးဆုံးရှုံးခြင်း(ကွယ်ခြင်း၊ပျက်စီးခြင်း) | ၁၀၀ |
| ၃။ | တစ်တောင်ဆစ်အထက်ဆုံးရှုံးခြင်း | ၇၀ |

| | | |
|---|---|---|
| ၄။ | တစ်တောင်ဆစ်အောက်ဆုံးရှုံးခြင်း | ၆၀ |
| ၅။ | ဒူးအထက်ဆုံးရှုံးခြင်း | ၆၀ |
| ၆။ | ဒူးအောက်ဆုံးရှုံးခြင်း | ၅၀ |
| ၇။ | နားနှစ်ဖက်လုံးဝပင်းခြင်း | ၅၀ |
| ၈။ | မျက်စိတစ်လုံးဆုံးရှုံးခြင်း(ကွယ်ခြင်း၊ပျက်စီးခြင်း) | ၃၀ |
| ၉။ | လက်မတစ်ချောင်းဆုံးရှုံးခြင်း | ၂၅ |
| ၁၀ ။ | နားတစ်ဖက်လုံးဝပင်းခြင်း | ၂၅ |
| ၁၁ ။ | ခြေတစ်ဖက်ရှိ ခြေချောင်းအားလုံးဆုံးရှုံးခြင်း | ၂၀ |
| ၁၂။ | လက်မရှိ လက်ဆစ်တစ်ခုဆုံးရှုံးခြင်း | ၁၅ |
| ၁၃ ။ | လက်ညှိုးတစ်ချောင်းဆုံးရှုံးခြင်း | ၁၅ |
| ၁၄ ။ | လက်ညှိုးရှိ လက်ဆစ်နှစ်ဆစ်ဆုံးရှုံးခြင်း | ၁၁ |
| ၁၅ ။ | ခြေမတစ်ချောင်းဆုံးရှုံးခြင်း | ၁၀ |
| ၁၆ ။ | လက်ညှိုးရှိ လက်ဆစ်တစ်ဆစ်ဆုံးရှုံးခြင်း | ၉ |
| ၁၇ ။ | အခြားလက်ချောင်းများရှိ လက်ချောင်းတစ်ခုစီ ဆုံးရှုံးခြင်း | ၇ |
| ၁၈ ။ | အခြားလက်ချောင်းများရှိ လက်ဆစ်နှစ်ခု ဆုံးရှုံးခြင်း | ၆ |
| ၁၉ ။ | အခြားလက်ချောင်းများရှိ လက်ဆစ်တစ်ခု ဆုံးရှုံးခြင်း | ၅ |
| ၂၀။ | ခြေမတစ်ချောင်း၏ တစ်စိတ်တစ်ဒေသဆုံးရှုံးခြင်း | ၃ |
| ၂၁။ | အခြား၊ခြေချောင်းကလေးများအတွက် ခြေချောင်းတစ်ခုလုံးဆုံးရှုံးခြင်း | ၃ |
| ၂၂။ | အခြား၊ခြေချောင်းကလေးများအတွက် တစ်စိတ်တစ်ဒေသဆုံးရှုံးခြင်း | ၁ |
| ၂၃။ | အထက်ပါ ဆုံးရှုံးမှုများမှအပ အခြားကိုယ်အင်္ဂါတစ်ခုခုထာဝစဉ်ဆုံးရှုံးခြင်း၊အမြဲတမ်းမသန်မစွမ်း ဖြစ်ခြင်း သို့မဟုတ်မီးလောင်ခံရသဖြင့်မူလရုပ်သွင်ခန္ဓာကိုယ်အမြဲတမ်းပျက်ယွင်းခြင်း | ဝန်ကြီးဌာနကအခါအားလျော် စွာ သက်မှတ်သည့်ရာခိုင်နှုန်း |

**မှတ်ချက်။** ။အထက်တွင်ဖော်ပြထားသော သေဆုံးခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းထာဝစဉ်ဆုံးရှုံးခြင်းများနှင့် အမြဲတမ်း မသန်မစွမ်းဖြစ်မှုများတစ်ရပ်ထက်ပို၍ ဆုံးရှုံးမှုများဖြစ်ခဲ့လျှင် ဆုံးရှုံးမှုရာခိုင်နှုန်းတို့ကိုပေါင်း၍ သတ်မှတ်ပေး ရမည်။ထိုသို့ သတ်မှတ်ပေးရာတွင် သတ်မှတ်ချက်စုစုပေါင်းသည် ၁၀၀ ရာခိုင်နှုန်းထက်မပိုစေရ။